## စစ်အစိုးရရဲ့ အေအိုင်ဒီအက်စ် ကူးစက်နှုန်းကျဆင်းဆိုတဲ့ ထုတ်ပြန်ချက်အပေါ် ကျန်းမာရေးပညာရှင်တို့ သံသယရှိ
## ၂ ဒီဇင်ဘာ ၂၀၀၇

မြန်မာနိုင်ငံအတွင်း HIV/AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ အောင်မြင်မှုရှိနေတယ်လို့ စစ်အစိုးရရဲ့ ပြောဆို ချက်တွေဟာ မှားယွင်းနေကြောင်း ဒီရောဂါတိုက်ဖျက်ရေးကို ကိုယ်တိုင် ပါဝင်လုပ်ဆောင်နေတဲ့ ပညာရှင်တွေက ပြောပါတယ်။

စစ်အစိုးရအတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး မနေ့က ကမ္ဘာ့ AIDS အထိမ်းအမှတ် ကျင်းပပွဲများ ပြောကြားသွားခဲ့တာကတော့ မြန်မာနိုင်ငံအတွင်း ဒီ ရောဂါပိုးကူးစက်မှုနှုန်းဟာ ပြီးခဲ့တဲ့ ၂၀၀၀ ခုနှစ်ကထက်စာရင် ၂၀၀၇ နှစ်မှာ ကျဆင်းလာပြီလို့ ပြောဆိုသွားပါတယ်။

ဒ့ါအပြင် ကာကွယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ဖို့ ၁၉၈၉ ခုနှစ်ကတည်းကစပြီး ခုခံအားကျဆင်းမှုကူးစက်ရေးနှင့် တိုက်ဖျက်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်းပြီး လုပ်ကိုင်ခဲ့တဲ့အတွက် တိုးတက်မှုတွေရှိလာနေပြီး မြို့နယ်ပေါင်း (၁၇၀)ကို ကွန်ဒုံးသုံးဖို့ ပစ်မှတ်ထား လုပ်ဆောင်ခဲ့တဲ့ စီမံကိန်းဟာ (၁၀၀) ရာခိုင်နှုန်းအောင်မြင်တယ်လို့ ဆိုပါတယ်။

ဒါတွေဟာ ရုတ်တရက်ကြည့်လိုက်ရင် စစ်အစိုးရပြောသလို တကယ်အောင်မြင်သယောင်ယောင်ရှိပေမယ့် တကယ့် လက်တွေ့မှာ ဟုတ်မှန်ခြင်း ရှိပါရဲ့လား။

မြန်မာနိုင်ငံအတွင်း AIDS ဝေဒနာသည်တွေနဲ့ နီးနီးကပ်ကပ်လုပ်ကိုင်ခဲ့တဲ့ပြီး ထိုင်းနိုင်ငံကို မကြာခင်ကမှ ရောက်ရှိလာတဲ့ ကျန်းမာရေးလုပ်သားတဦးကတော့ အခုလို အစိုးရကပြောနေတဲ့ (၁၀၀) ရာခိုင်နှုန်းအောင်မြင်တယ်ဆိုတာ မဖြစ်နိုင်ဘူး လို့ဆိုပါတယ်။

> "ကျမတို့ သိသလောက်ကတော့ (၁၀၀) ရာခိုင်နှုန်းအောင်မြင်တယ်ဆိုတာ ဖြစ်နိုင်ချေမရှိပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ရဲတွေက လုပ်စားနေတဲ့ ကောင်မလေးတွေကို လိုက်ဖမ်းတဲ့အခါကျရင် ကွန်ဒုံးကို လက်ထဲမှာ မြင်ရင် ဖမ်းတယ်။ ကောင်မလေးတွေက ကွန်ဒုံးကို ဝယ်ပြီး မဆောင်ရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကောင်မလေးတွေလက်ထဲမှာ ကွန်ဒုံးကို မြင်ရင် လုပ်စားတဲ့ ကောင်မလေးတွေလို့ ဆိုပြီး အစိုးရရဲ့ ပေါ်လစီအတိုင်း ဖမ်းတယ်။ ဒီလိုအခြေအနေမှာ ကွန်ဒုံးသုံးဖို့အတွက် တိုက်တွန်းတာမှာ (၁၀၀)ရာခိုင်နှုန်းအောင်မြင်တယ်လို့ ဘာဟာနဲ့ တိုင်းတာပြီး ပြောလဲဆိုတာတော့ မသိပါဘူး။ ကျမတို့ ကတော့ လုံးဝမဖြစ်နိုင်ဘူးလို့ မြင်တယ်။ ကျမတို့တောင်မှ အစိုးရရဲ့ အရာရှိတွေနဲ့ ကောင်မလေးတွေ လက်ထဲမှာ ကွန်ဒုံးမြင်ရင် မဖမ်းဖို့ ညှိခဲ့ရတယ်။ ဒါကိုတောင် လက်မခံဘဲနဲ့ သူတို့က ကွန်ဒုံးသုံးဖို့အတွက် (၁၀၀)ရာခိုင်နှုန်း အောင်မြင်အောင် လုပ်နိုင်တယ် ဆိုတာဟာ သူတို့ရဲ့ ပေါ်လစီနဲ့ တခြားစီဖြစ်နေပါတယ်။"

*နိုင်ငံတော်အစိုးရအနေနဲ့ သုံးသင့်တဲ့ ဘဏ္ဍာငွေကို သုံးသင့်သလောက်မသုံးဘူးလို့ ပြောဆိုဝေဖန်နေတာတွေရှိပါတယ်။ အဲဒါနဲ့ ပက်သက်လို့ ဘာများပြောချင်ပါသလဲ။*

“အဲဒါသိပ်မှန်တာပေါ့။ ကျမက တကယ်ပဲ ဝေဒနာရှင်တွေကြားထဲမှာ လုပ်နေတာဆိုတော့ အပြင်က ပြောနေတဲ့ အခုလို စကားတွေဟာ မှန်တယ်ဆိုတာသိရပါတယ်။ သဘောတူပါတယ်။”

ဒါဆိုရင် မြန်မာနိုင်ငံအတွင်းမှာရှိနေတဲ့ ဒီရောဂါဝေဒနာသည်တွေကို ထိရောက်တဲ့နည်းနဲ့ ဘယ်လို ကုသလို့ ရနိုင်ပါမလဲ။ မြန်မာနိုင်ငံအတွင်း AIDS ရောဂါအတွက် သုတေသနပြုစုနေသူ ဒေါက်တာခင်ဇော်ဝင်း ကတော့ ဒီကိစ္စကို အစိုးရနဲ့ နိုင်ငံတကာ အဲန်ဂျီအို (NGO)တွေအပါအဝင် အဖက်ဖက်က ဝိုင်းဝန်း ကိုင်တွယ်ကြရမယ်လို့ ဆိုပါတယ်။

“အဖက်ဖက်ကနေပြီးတော့ ဒီကိစ္စကို ဝိုင်းပြီး ကိုင်တွယ်ရမှာပေါ့ဗျာ။ နိုင်ငံတော် အစိုးရပိုင်းကလည်း ဒါကို ပိုပြီး အာရုံစိုက်ရမယ်။ အရင်းအမြစ်တွေ ပိုပြီးထည့်ရမယ်။ အပြည်ပြည်ဆိုင်ရာအနေနဲ့လည်း အရင်ကထက်ပိုပြီး ထည့်ဝင်ရလိမ့်မယ်။ ကျွန်တော်ဒီနှစ် ကြုံခဲ့ရတဲ့ ကိစ္စကို ပြောပြမယ်နော်။ ၂၀၀၅ခုနှစ် အတွက် Global Fund for AIDS and Tuberculosis ဩဂုတ်လက ထွက်သွားတယ်ပေါ့။ ဒီနှစ်မှာ ကျွန်တော်က ကံအားလျော်စွာ အပြည်ပြည်ဆိုင်ရာ အေအိုင်ဒီအက်စ် အစည်းအဝေးတခုကို ပြည်နယ မှာ ဇူလိုင်လကတက်ခဲ့ရပါတယ်။ အဲဒီမှာ Global Fundရဲ့အကြီးအကဲ နဲ့ တွေ့ပြီး စကားပြောခွင့်ရခဲ့တယ်။ Dr. Richard Feachem တဲ့။ ပြင်သစ်လူမျိုးပါ။ မြန်မာပြည်က တခြားဘယ်သူမှလည်း မရှိတဲ့အခါကျတော့ သူတို့က Globla Fund အနေနဲ့သူတို့က မြန်မာပြည်ကို ပြန်ပြီး အကူအညီပေးဖို့ အလားအလာရော မရှိနိုင်ဘူးလားဗျာ၊ မစဉ်းစားနိုင်ဘူးလားလို့ သူ့ကို မေးတဲ့အခါကျတော့ သူတို့က သူတို့ရဲ့ ဘက်ကအခြေအနေကို ကျွန်တော့ကို တော်တော်လေးစုံစုံလင်လင် ရှင်းပြပါတယ်။ ကျွန်တော်မသိတဲ့ဟာတွေလည်း သိသွားရတာပေါ့လေ။ သူနောက်ဆုံးပြောသွားတာက မြန်မာပြည်အနေနဲ့ နောက်ထပ် Globla Fund ကို ပြန်ပြီးတော့ Funding အတွက် proposal ပြန်ပြီးတင်မယ်ဆိုလို့ရှိရင် သူတို့ ဒါကိုဦးစားပေးပြီး အလေးအနက် စဉ်းစားပေးပါမယ်တဲ့။ အရင်ကဖြစ်ခဲ့တဲ့ ကိစ္စတွေကိုလည်း ပြောပြတယ်။ ဒါမျိုးလည်း မဖြစ်ရအောင်လို့ပေါ့ဗျာ။ လိုလိုလားလားနဲ့ ဖိတ်ခေါ်ပါတယ်။ အဲဒါဆိုရင် တိုင်းပြည်အတွက် အများကြီး အခြေအနေ ကောင်းသွားမယ်ပေါ့လေ။ ဒီဥစ္စာကို ကျွန်တော်က ဖြစ်စေချင်ပါတယ်။